# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၈၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁-၈-၂၀၁၅ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သန့်၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **နိုင်ငံခြားဈေးကွက်ဝင် နှစ်ရှည်သီးနှံပဲမျိုးဖြစ်သော 'ကြယ်ပဲ' (Sacha inchi)ကို နိုင်ငံခြားတိုင်းပြည်များရှိ သက်ဆိုင်ရာကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု၊ လက်တွေ့ နမူနာပြ စိုက်ပျိုးပြသရာ၌ အောင်မြင်မှု ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်၏ **လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ဦးစီးဌာနပိုင် မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(၈-၁၀) မြေကွက်ပေါ်ရှိ မြေဧရိယာ (၇.၉၀)ကေအား ပြင်ပဌာနဆိုင်ရာများက ဝင်ရောက်တိုင်းတာခြင်း၊ အဆောက်အဦ ဆောက်လုပ်နေရာ ချထားမှုတို့ ပြုလုပ်နေခြင်းသည် တရားဥပဒေနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နေခြင်း ဟုတ်၊ မဟုတ် သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအေးဟန်၊ ပေါက်ခေါင်း မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်၊ အရာတော်ကျေးရွာရှိ တောင်သူ(၁၇)ဦးတို့၏ လယ် (၃)ကေ၊ ယာ (၁၁၇)ကေ၊ မကျီးခုန်ကျေးရွာရှိ တောင်သူများ၏ လယ် (၈၄)ကေ၊ ကိုင်း(၅၈)ကေ၊ သရက်တပင်ကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေ (၉၃၅)ကေ၊ ဘန့်ဘွေးအုပ်စု တောင်သူ(၈၂)ဦး၏ လယ်(၁၈၆)ကေ၊ ယာမြေ(၆၄၆)ကေ၊ ကုတင်ငါးဆင့်ကျေးရွာရှိ တောင်သူ (၆၄)ဦး၏ လယ်(၈၃)ကေ၊ ကိုင်း(၆၀.၂၅)ကေ၊ ယာမြေ (၂၆၁)ကေတို့အား လယ်ယာမြေ ပိုင်ဆိုင်ခွင့် ပုံစံ(၇) အမြန်ဆုံး ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည် စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မော်တော်ယာဉ် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည် စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော **"လမ်းနှင့်တံတား အသုံးပြုခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၈၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။